ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

www.nugmyanmar.org

သတင်းထုတ်ပြန်ချက် (၂/၂၀၂၁)

၃၁ မေ ၂၀၂၁ခုနှစ်

၁။ အကြမ်းဖက်စစ်ကောင်စီသည် မတရားဖမ်းဆီးချုပ်နှောင်ထားသော နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် တို့အား မေလ (၂၄) ရက်နေ့တွင် မတရားရုံးထုတ်ခဲ့ကာ ရုံးတွင်းမှ ဓါတ်ပုံများကို စစ်ကောင်စီ၏ ဝါဒဖြန့်ချိရေး လမ်းကြောင်းများမှ ထုတ်ဖော်ပြသခဲ့သည်ကို တွေ့ရှိရပါသည်။ အဆိုပါ လုပ်ရပ်သည် လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်၏ လူသားဂုဏ်သိက္ခာကိုထိပါးခြင်း ဖြစ်သည့်အတွက် နိုင်ငံ့ခေါင်းဆောင်များသာမက မည်သူတစ်ဦး တစ်ယောက် အပေါ်တွင်မှ မကျူးလွန်သင့်သော လုပ်ရပ်ဖြစ်သောကြောင့် အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် ပြင်းထန်စွာ ပြစ်တင်ရှုံ့ချပါသည်။

၂။ ယခုလက်ရှိအချိန်တွင်လည်း နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့အား မူလထားရှိသော နေအိမ်များမှ ရွှေ့ပြောင်းပြီး နေရာအတိအကျမသိရသော အခြား နေရာတစ်ခုသို့ ပြောင်းရွှေ့ထားသည်ဟု ခိုင်လုံသော သတင်းများအရ ကြားသိရပြီး အဆိုပါ အခြေအနေနှင့်ပတ်သက်၍ အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့အနေဖြင့် နိုင်ငံ့ခေါင်းဆောင်များ၏ လုံခြုံရေးအတွက် အထူးစိုးရိမ်မိပါသည်။

၃။ အကြမ်းဖက်စစ်ကောင်စီ အာဏာသိမ်းပြီးသည့်နေ့မှစ၍ ပြည်သူလူထုအပေါ် ပစ်ခတ်နှိပ်စက်သတ်ဖြတ်မှု များစွာရှိခဲ့သလို နိုင်ငံ့ခေါင်းဆောင်များနည်းတူ မတရားဖမ်းဆီးခံရပြီး မည်သည့်နေရာတွင် ချုပ်နှောင်ထားသည်ကို မသိရှိရသည့် ရဟန်းရှင်လူ ပြည်သူများစွာ ရှိနေသည်ကိုလည်း သိရှိရပါသည်။

၄။ အကြမ်းဖက်စစ်ကောင်စီအနေဖြင့် အာဏာသိမ်းပြီးနောက်ပိုင်း ကျူးလွန်ခဲ့သော ရာဇဝတ်မှုများသာမက၊ တိုင်းရင်းသားဒေသများရှိ တိုင်းရင်းသားများအပေါ် နှစ်ပေါင်းများစွာ တရားမဲ့ ကျူးလွန်ခဲ့သော လုပ်ရပ်များ အတွက်ပါ အပြည့်အဝ တာဝန်ယူ၊ တာဝန်ခံရမည်ဖြစ်ပြီး မတရားသော ဖြစ်ရပ်တစ်ခုချင်းစီ တိုင်းအတွက် တရားမျှတမှုရရှိစေရန် အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့အနေဖြင့် အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန် အပ်ပါသည်။